GFL သည်ဖို့ဝိန်းမြို့ စွန့်ပစ်ပစ္စည်း ဝန်ဆောင်မှုဌာနနှင့် ပူးပေါင်းပြီး အချိန်ဇယားသစ်တစ်ခုအား အကောင်အထည်ဖော်နေပါသည်။ ရလဒ်မှာ ၂၅ ရာခိုင်နှုန်းသော အိမ်ထောင်စုများအတွက် အမှိုက် (သို့) ပြန်လည် သုံးစွဲနိုင်သောစွန့်ပစ်ပစ္စည်း ကောက်ယူမည့်ရက်များ အပြောင်းအလဲ ရှိပါမည်။ အဆိုပါ လမ်းကြောင်းအသစ်များကို ဒီဇင်ဘာလ ၂၊ ၂၀၂၄ တွင် စတင်ပါမည်။

လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်တွင်း GFL နှင့် စွန့်ပစ်ပစ္စည်း ဝန်ဆောင်မှုဌာနက ဒေသခံလေးရပ်ကွက် ပေါင်းစည်းအဖွဲ့နှင့်တွေ့ဆုံခဲ့ပါတယ်။ ထိုနောက် မြို့ကောင်စီများနှင့် မည်သည့် ခရိုင်က စွန့်ပစ်ပစ္စည်း ကောက်ရာတွင် အပြောင်းအလဲ ရှိနိုင်ချေ အများဆုံး ဆိုတာကို ဆွေးနွေးခဲ့ပါသည်။ အဲ့ဒီလိုဆွေးနွေးမှု၏ ရလဒ်ကတော့ အကောင်းမြင်တဲ့ အပြန်အလှန်ဆွေးနွေးမှုများနှင့် တုံ့ပြန်မှုများဖြစ်ပါတယ်။ ထို့ကြောင့် GFL နှင့် စွန့်ပစ်ပစ္စည်း ဝန်ဆောင်မှုဌာနက အဆိုပါ လမ်းကြောင်းသစ်များကို ဆက်လက်လုပ်ဆောင်ရန် သေချာစေခဲ့ပါသည်။

မြို့သူမြို့သားများသည် အမှိုက်နှင့် ပြန်လည် သုံးစွဲနိုင်သောစွန့်ပစ်ပစ္စည်း ကောက်ယူမည့်ရက် အပြောင်းအလဲများကို [https://garbagerecyclelookup.cityoffortwayne.org](https://garbagerecyclelookup.cityoffortwayne.org) တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ အပြောင်းအလဲတွင် အကျိုးသက်ရောက်နိုင်သော အိမ်ထောင်စုများကိုလည်း GFL မှ စာပို့ အကြောင်းကြားပါမည်။

၂၀၂၂ ခုနှစ် နွေရာသီတွင် GFL သည် ဝန်ဆောင်မှုကို လျှင်မြန်စွာ ကမ်းလှမ်းခဲ့ပါသည်၊ ပြီးနောက် အမှိုက်ကောက်ခြင်းဝန်ဆောင်မှုများကို ရှိပြီးသား လမ်းကြောင်းများအား အသုံးပြုခြင်းဖြင့် စတင်ခဲ့သည်။ နှစ်နှစ်တာကာလအတွင်း ဖို့ဝိန်းမြို့သူမြို့သားများကို အကောင်းဆုံး ဝန်ဆောင်မှုများ ပေးခဲ့ပါသည်။ ပိုမို ထိရောက်စွာ ခရီးရောက်နိုင်သော လမ်းကြောင်းသစ်များ ပြုလုပ်ရန် လုံလောက်သော အချက်အလက်များကိုလည်း စုဆောင်းခဲ့ပါသည်။

- အပြောင်းလဲများကြောင့် ယာဉ်မောင်းများသည် ထိရောက်သော လမ်းကြောင်းများ ရရှိမည်ဖြစ်ပြီး၊ ၎င်းတို့၏ စွမ်းဆောင်ရည်များကိုလည်း ပိုမိုတိုးတက်စေပါမည်။

- GFL သည် ဝန်ထမ်းများအတွက် ပိုမိုလုံခြုံစိတ်ချရသော အော်တိုကားများကို လမ်းဘေးအမှိုက်သိမ်းရာတွင် အနောက်ဘက်တင် ကားများထက် ပိုမိုအသုံးပြုမည်ဖြစ်သည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းဖြင့် အနောက်ဘက်တင် ကားများကို လမ်းဘေးအမှိုက်ကောက်ရာတွင် အသုံးပြုစရာမလိုဘဲ နောက်ဖေးလမ်းကြားများတွင် ပိုမိုအသုံးပြုနိုင်ပါမည်။ အဆိုပါ လုံခြုံရေးစနစ်သည် GFL အနေဖြင့် လက်ရှိဝန်ထမ်းများကို ထိန်းသိမ်း စောင့်ရှောက်ခြင်းနှင့် နောက်ထပ် ဝန်ထမ်းသစ်များကို ခေါ်ယူရန် ကူညီပေးနိုင်မည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာများ လျှော့ချစေရန် အထောက်အကူပြုပါမည်။

- လမ်းကြောင်းသစ်များကြောင့် အချိန်ကုန်သက်သာလာမည်ဖြစ်၍ လမ်းမပေါ်တွင် ယဉ်အရည်အတွက် လျော့ကျလာပါမည်။ ထိုကြောင့် လမ်းပျက်စီးခြင်းများ နည်းပါးစေပြီး ပြည်သူများအတွက် လုံခြုံမှု ပိုပေးနိုင်မည်ဖြစ်သကဲ့သို့၊ ဆီအသုံးပြုမှု လျော့ကျခြင်းကြောင့် ကာဗွန်ထုတ်လွှတ်မှုများလည်း လျော့နည်းသွားစေပါမည်။

- ထို့အပြင် ယာဉ်များလည်း ပျက်စီးယိုယွင်းခြင်းများလျော့နည်းသွားမည်ဖြစ်၍ ၎င်းတို့ကို ကြာရှည်စွာ အသုံးပြုနိုင်မည်ဖြစ်သောကြောင့် အနှောင့်အယှက်များ ဖြစ်နိုင်ချေ လျော့နည်းစေပါမည်။

- ဖို့ဝန်းမြို့တော်သည် ဆက်လက်ကြီးထွားလာနေသကဲ့သို ယင်းအပြောင်းအလဲသည် အနာဂါတ်တွင် GFL အားဆက်လက်ပြီး ထိရောက်စွာ ဝန်ဆောင်မှုပေးရန် အနေထားတစ်ခု ဖြစ်စေပါသည်။

GFL နှင့် စွန့်ပစ်ပစ္စည်း ဝန်ဆောင်မှုဌာနသည် မြို့သူမြို့သားများနှင့် အလုပ်လုပ်ရခြင်းအား တန်ဖိုးထား ကျေးဇူးတင်ရှိပါသည်။ ရှေ့ဆက်လည်း သည်ထက်ပိုကောင်းသော ဝန်ဆောင်မှုများ ပေးရန် မျှော်လင့်ပါသည်။ လမ်းကြောင်းအပြောင်းလဲမှုအပေါ် နားလည်ပေးသော ပြည်သူများကို GFL နှင့် စွန့်ပစ်ပစ္စည်း ဝန်ဆောင်မှုဌာနက ကျေးဇူးအထူးတင်ရှိပါသည်။